ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၃၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၇၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၃၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဗိုလ်မှူးမောင်မောင်၊ တပ်မတော်၊ ကျန်းမာရေး။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ မိသားစုကိစ္စ။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့် ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမြင့်ထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ မင်္ဂလာအပေါင်းနဲ့ ခညောင်း ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဥပဒေကြမ်းကော်မတီ ကိုယ်စား ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးမြင့်ထွန်း အနေနဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များရဲ့ ချီးမြှင့်ငွေနဲ့ စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြင်ဆင်တဲ့ ဥပဒေကြမ်းကို အခုလ ၁၈ ရက်နေ့က ကျွန်တော်တို့ဆီကို ပြည်သူ့လွှတ်တော်က ပေးပို့လိုက်တာ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီးတော့မှ မနေ့တစ်နေ့က ကျွန်တော်တို့ ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီး ဦးဇုန်လှယ်ထန်း ကနေပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ သဘောတူညီပါကြောင်း အကြံပြုဆွေးနွေးခဲ့ပါတယ်။ အဲဒီတော့ ဒုတိယဥက္ကဋ္ဌကြီး တာဝန်ပေးချက်အရ ကျွန်တော်တို့ကော်မတီဟာ မနေ့က ဥပဒေကြမ်းကော်မတီမှာ ပြန်ပြီးတော့ ကြားနာဆောင်ရွက်ခဲ့ပါတယ်။

လေ့လာတွေ့ရှိချက်ကတော့ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဒီပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ ညှိနှိုင်းတဲ့အခါမှာ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းမှာပါရှိတဲ့ ချီးမြှင့်ငွေတွေ စကားရပ်တွေဟာ တိကျမှုမရှိဘဲနဲ့ ဥပဒေတစ်ရပ်မှာပါတဲ့ ပြစ်ဒဏ်တွေ ဖော်ပြသလို ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ပိုပြီးတော့ တိတိကျကျဖြစ်သွားအောင် အပိုဒ်(၂)မှာပါတဲ့ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ် တစ်ဆယ့်ခြောက်သိန်း အထိ ဆိုတဲ့စကားရပ်ကို ကျပ် တစ်ဆယ်သိန်း ဆိုတဲ့ စကားရပ်နဲ့ ကော်မတီအနေနဲ့ သဘောတူပါတယ်။ အပိုဒ်(၃)မှာလည်းပဲ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်း အထိ ဆိုတဲ့စကားရပ်ကို ကျပ်ငါးသိန်း ဆိုတဲ့ စကားရပ် အစားထိုးဖို့ ကျွန်တော်တို့ ကော်မတီအနေနဲ့ သဘောတူပါတယ်။ နောက် အပိုဒ်(၄)မှာလည်း အလားတူပါပဲ။ အနည်းဆုံး ကျပ်ငါးသိန်း မှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိ ဆိုတဲ့စကားရပ်ကို ကျပ်ငါးသိန်း ဆိုတဲ့ စကားရပ်နဲ့လဲဖို့ ကျွန်တော်တို့ သဘောတူပါတယ်။ အပိုဒ်(၅)မှာလည်းပဲ အနည်းဆုံး ကျပ်သုံးသိန်းကနေ အများဆုံး ကျပ်ငါးသိန်း အထိ ဆိုပြီးတော့ ကျွန်တော်တို့ စကားရပ်ကို ကျပ်သုံးသိန်း ဆိုတဲ့ စကားရပ်နဲ့ အတိတကျဖြစ်အောင် ပြင်ဆင်ဖို့ ကျွန်တော်တို့ကော်မတီက သဘောထားရယူပါတယ်။

ကိုယ်စားလှယ်တော်ကြီး ဦးဇုန်လှယ်ထန်း ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုချက်အတိုင်းပဲထားပေးပါဆိုပြီးတော့ ပြောတဲ့အတွက်ကြောင့် ဒီလွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုယူဖို့ ကျွန်တော်တို့ ဆုံးဖြတ်ကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကော်မတီရဲ့ သဘောထားကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက်နဲ့ ဦးဇုန်လှယ်ထန်း ရဲ့ အကြံပြုဆွေးနွေးချက်ကို အမျိုးသားလွှတ်တော်ကနေ အဆုံးအဖြတ်ပြုဆောင်ရွက်ပေးဖို့ လေးစားစွာ တင်ပြအစီရင်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် -

အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘော တူ/မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂

၂။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)တွင် ပါရှိသော ကျပ်သုံးသိန်း ဆိုသည့် စကားရပ်ကို ကျပ်တစ်ဆယ်သိန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဦးဇုန်လှယ်ထန်း က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)တွင် ပါရှိသော ကျပ်သုံးသိန်း ဆိုသည့် စကားရပ်ကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်း မှ အများဆုံး ကျပ်တစ်ဆယ့်ခြောက်

သိန်း အထိ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူပါက ထောက်ခံမဲပေးပြီး သဘောမတူပါက ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၅၇)မဲ၊ ကန့်ကွက်(၁၆)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃

၃။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော ကျပ်နှစ်သိန်း ဆိုသည့် စကားရပ်ကို ကျပ်ငါးသိန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဥပဒေကြမ်း ကော်မတီက တင်ပြထားပါတယ်။

ဦးဇုန်လှယ်ထန်း က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) တွင် ပါရှိသော ကျပ်နှစ်သိန်း ဆိုသည့် စကားရပ်ကို အနည်းဆုံး ကျပ်ငါးသိန်း မှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူပါက ထောက်ခံမဲပေးပြီး သဘောမတူပါက ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၆၄)၊ ကန့်ကွက်(၉)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄

၄။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော ကျပ်နှစ်သိန်း ဆိုသည့် စကားရပ်ကို ကျပ်ငါးသိန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဦးဇုန်လှယ်ထန်း က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော ကျပ်နှစ်သိန်း ဆိုသည့်စကားရပ်ကို အနည်းဆုံး ကျပ်ငါးသိန်း မှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူပါက ထောက်ခံမဲပေးပြီး သဘောမတူပါက ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ(၁၆၄)၊ ကန့်ကွက်(၇)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

၅။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)တွင် ပါရှိသော ကျပ်တစ်သိန်း ဆိုသည့်

စကားရပ်ကို ကျပ်သုံးသိန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဦးဇုန်လှယ်ထန်း က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)တွင် ပါရှိသော ကျပ်နှစ်သိန်း ဆိုသည့်စကားရပ်ကို အနည်းဆုံး ကျပ်သုံးသိန်း မှ အများဆုံး ကျပ်ငါးသိန်း အထိ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထား ပါတယ်။

ဒါကြောင့် စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူပါက ထောက်ခံမဲပေးပြီး သဘောမတူ ပါက ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ(၁၆၄)၊ ကန့်ကွက်(၉)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄ (က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့

လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပေးပို့လာတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များရဲ့ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄ (က) အရ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတဲ့ ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းဆွေးနွေး ဆုံးဖြတ်နိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲတဲ့အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူထားသဖြင့်လည်းကောင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားသည့်

အခန်းခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၂(က)၊

အခန်း(၂)၊ အပိုဒ် ၃(ခ)၊ အပိုဒ် ၄(ခ)၊

အခန်း(၃)၊ အပိုဒ် ၅(က)(ခ)(၁)(၃)၊

အခန်း(၄)၊ အပိုဒ် ၆(ဇ)၊ အပိုဒ် ၇(ဂ)၊ အပိုဒ် ၁၀(ဇ)၊

အခန်း(၅)၊ အပိုဒ် ၁၁(က)(ခ)(၂)(၉)(ဃ)(၃)၊ အပိုဒ် ၁၂(ဃ)(၂) (င)(၁)(၂)၊

အခန်း(၆)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈(က)(ခ)(ဂ)(ဃ)(၁) (၂)(၃)(၄)(၅)၊

အသစ်ဖြည့်စွက်ထားသည့်

အခန်း(၁)၊ အပိုဒ်၂(ဃ)(င)(စ)(ဆ)(ထ)(ဒ)(ဓ)(၂)(၃)(၄)(၅) (၆)(၈) တို့ နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၁၀)၊ အပိုဒ် ၂၅(ဇ)၊

အခန်း(၁၂)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀(က)(၂)၊ အပိုဒ် ၃၁ တို့ကို ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်အတိုင်း သဘောတူ မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ဧည့်သည်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီး တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းနဲ့ စပ်လျဉ်းတဲ့ အစီရင်ခံစာတစ်ရပ်ကို ၁၀ ရက်နေ့က လွှတ်တော်ကို တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ၂၁ ရက်နေ့မှာတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး နှစ်ဦးဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ပါမောက္ခဒေါက်တာမြဦး နဲ့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း တို့က အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ ဒီအကြံပြုဆွေးနွေးချက်တွေအပေါ်မှာ ပြန်လည်ပြီးတော့ ကြားနာမှုပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌကြီးက ညွှန်ကြားခဲ့တဲ့အတွက် ကြောင့်မို့လို့ အကြံပြု ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၊ ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၂၅ ရက်နေ့ ၁၁ လမှာ ကျွန်တော်တို့ အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ကျင်းပပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာ ကျွန်တော်တို့ ထပ်မံပြင်ဆင်သင့်တဲ့အချက်တွေကို အောက်ပါအတိုင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။ ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့တဲ့အချက်များကို လေ့လာတွေ့ ရှိချက်များအဖြစ် လွှတ်တော်ကို အစီရင်ခံ တင်ပြပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိပ္ပာယ် ပိုမိုပြီးတော့ ပြည့်စုံမှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်း ပုဒ်မ ၂(ည)မှာ ဖော်ပြထားတဲ့ ကောင်စီက အသိအမှတ်ပြုထားသော ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော စကားရပ်ကို ကောင်စီက အသိအမှတ်ပြုထားသော ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုမှ အပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော ဆိုတဲ့ စကားရပ် နဲ့ အစားထိုးဖို့ သဘောတူညီခဲ့ကြပါတယ်။ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဍ) မှာတော့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင် ဆိုသည်မှာ အခြေခံဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးဘက်ဆိုင်ရာကျွမ်းကျင် ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန် ဒီပလိုမာတစ်ခုခု ရရှိပြီး ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက ဖြစ်စေ၊ ကောင်စီကဖြစ်စေ၊ သက်ဆိုင်ရာ ပညာရပ်အလိုက် ကုသမှုတစ်ခုခုကို ဆောင်ရွက်နိုင်သည်ဟု အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်အား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အခြေအနေအရ လိုအပ်သည် ဟု ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသော လိုင်စင်ကို ဆိုသည် ဆိုတဲ့ စကားရပ်ကို အစားထိုး ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။ လက်တွေ့ ဆောင်ရွက်တဲ့နေရာမှာလည်း ပိုမိုတိကျမှုရှိစေဖို့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဆ) မှာ ဖော်ပြထားတဲ့ ဆေးတက္ကသိုလ် ပါမောက္ခချုပ်များဆိုတဲ့ စကားရပ်နေရာမှာ တစ်ဆယ်ဦးထက် မပိုသော ဆေးတက္ကသိုလ် ပါမောက္ခချုပ်များ ဆိုတဲ့

စကားရပ်ကို အစားထိုးဖို့ သဘောတူညီခဲ့ကြပါတယ်။ ထို့အတူပါပဲ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဥ) မှာလည်း ကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုရှိသော အငြိမ်းစားဆရာဝန်ကြီး ခုနှစ်ဦး ဆိုတဲ့ စကားရပ်ကို အစားထိုးပြင်ဆင်ဖို့ သဘောတူညီခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဏ) မှာလည်း အများပြည်သူက ယုံကြည်လေးစားသော ဆရာဝန် မဟုတ်သည့် ပုဂ္ဂိုလ်ငါးဦး ဆိုပြီးတော့ အစားထိုး ပြင်ဆင်ဖို့ သဘောတူညီခဲ့ပါတယ်။ ပုဒ်မ ၁၅ ရဲ့ ခြေဆင်းမှာတော့ ပြည်သူ့ဝန်ထမ်းမဟုတ်သော ကောင်စီနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များဆိုတဲ့ စကားရပ်ကို တိကျမှုရှိစေရန်အတွက်၊ အသုံးအနှုန်း မှန်ကန်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ စကားရပ်နဲ့ အသီးသီးအစားထိုး ပြင်ဆင်ဖို့ ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။

ထို့အတူပါပဲ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဘွဲ့တစ်ခုခု ရရှိတဲ့သူတွေဟာ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိရင် ကောင်စီကို လျှောက်ထားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၃၉ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကတော့ ပုဒ်မ ၄၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ထားပါတယ်။ အဲဒီမှာလည်း ဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဘွဲ့ တစ်ခုခုရရှိပြီး သက်ဆိုင်ရာ ပညာရပ်အလိုက် ကုသမှု ဆောင်ရွက်လိုသူသည် ဆေးဘက်ဆိုင်ရာကျွမ်းကျင်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ဆိုတဲ့ စကားရပ်ကို ပြင်ဆင်ဖို့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ ပုဒ်မမှာလည်း ကောင်စီသည် ပုဒ်မ ၄၀ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးရန်၊ အရည်အချင်း ပြည့်မီလျှင် လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေလျက် ကုသခွင့် ရှိသည့် ပညာရပ်ဆိုင်ရာ နယ်ပယ်သတ်မှတ်၍ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင်ကို ထုတ်ပေးနိုင်သည်။ အရည်အချင်း မပြည့်မီပါက လိုင်စင် ထုတ်ပေးရန် ငြင်းပယ်နိုင်သည် ဆိုသည့် စကားရပ်တွေကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဥ)မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် ကို ပြင်ဆင်လိုက်တာနဲ့ ကိုက်ညီအောင် အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေး သဘောတူညီပြီးတော့ ပြင်ဆင်ခဲ့ခြင်းဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂ (ဈ)(၁)(၂)(ည)(ဌ)(ဍ)

၂။ (ဈ) အထွေထွေဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ -

(၁) ကောင်စီက အသိအမှတ်ပြုထားသော ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုမှ အခြေခံဆေးပညာ ဘွဲ့ရရှိပြီး သတ်မှတ်ထားသော အလုပ်သင်ကာလ ပြီးဆုံးသည့်နိုင်ငံသားမှတ်ပုံတင် ဆရာဝန်အား သတ်မှတ်ချက်များနှင့်အညီ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၂) ကောင်စီ၏ အသိမှတ်ပြုခြင်းခံရသည့် ပြည်ပဆေးတက္ကသိုလ် တစ်ခုခုမှဖြစ်စေ၊ ဆေးကောလိပ် တစ်ခုခုမှဖြစ်စေ၊ အခြေခံဆေးပညာဘွဲ့ ရရှိပြီး သတ်မှတ်ထားသော အလုပ်သင်ကာလ ပြီးဆုံး သည့် နိုင်ငံသား ဆရာဝန်အား ဆေးကုသခွင့်လိုင်စင် စာမေးပွဲ အောင်မြင်ပြီးနောက် ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(ည) အထူးဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ ကောင်စီက အသိအမှတ် ပြုထားသော ပြည်တွင်း ဆေးတက္ကသိုလ် တစ်ခုခုမှ အပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး အထွေထွေ အထူးဆေးကုသမှုကို ဖြစ်စေ၊ အထူးပြုအထူးကု ဆေးကုသမှုကို ဖြစ်စေ၊ အရည်အချင်း ပြည့်မီ၍ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည် ဟု သတ်မှတ်ခြင်း ခံရသော မှတ်ပုံတင် ဆရာဝန် အား ကောင်စီက ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကိုဆိုသည်။

(ဌ) ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး သတ်မှတ်ထားသော အရည်အချင်း ပြည့်မီသည့် နိုင်ငံခြားသား ဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(ဍ) ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင် ဆိုသည်မှာ အခြေခံဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ တစ်ခုခုရရှိပြီး ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကဖြစ်စေ၊ ကောင်စီကဖြစ်စေ၊ သက်ဆိုင်ရာ ပညာရပ်အလိုက် ကုသမှုတစ်ခုခုကို ဆောင်ရွက်နိုင်သည် ဟု အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်အား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အခြေအနေအရ လိုအပ်သည် ဟု ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသော လိုင်စင်ကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ (၄) မှာက ပြည်ပဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင် ဆိုတာ ပြည်ပပဲ ရေးထားတော့ (၄) မှာ ရှေ့က ကန့်သတ်ဆေးဘက်ဆိုင်ရာ လိုင်စင် ဆိုရင်တော့ ပြည်ပပဲ ဖြစ်ပါမယ်။ ဒါဆိုရင်တော့ ပြည်တွင်းပါ ထည့်ရမယ့်သဘော ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ကန့်သတ် (၃) မှာ

**ဒေါက်တာမြဦး ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အရ ကန့်သတ်၊ ကျွမ်းကျင် ကျွန်တော်တို့က ကျွမ်းကျင်ဆိုတဲ့ ဆေးကုသခွင့်ကို ညှိနှိုင်းချက် အရ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင် လို့ ပြင်လိုက်တာ။ ဒါကြောင့် ပြည်ပဘွဲ့ဆိုရင်တော့ ကန့်သတ်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင် ဖြစ်ပါတယ်။ ပြည်တွင်းကိုပါ ပေးချင်ရင်တော့ ဒီတိုင်းပဲ မှန်ပါတယ်။ ပြည်တွင်းကတော့ ပြည်ပနိုင်ငံ၏ ကောင်စီ လို့ ရေးထားတဲ့အတွက်ကြောင့် ပြည်တွင်းကို ပေးလို့ မရပါဘူး။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက သဘောထား တင်ပြပါ။

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ ညှိတဲ့အခါကျတော့ ပြည်တွင်းမှာ ပါပါတယ်လို့ ကျန်းမာရေးဌာနက ပြောပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ပြည်ပ ဆေးကောင်စီက ဖြစ်စေ ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက ဖြစ်စေ၊ ကောင်စီကဖြစ်စေ ပါ ပါတယ်ခင်ဗျား။ နောက်ဆုံးပါတဲ့ ကောင်စီက Myanmar Medical Council ဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ မသုံးဘဲနဲ့ ကောင်စီဆိုတာ Myanmar Medical Council ဖြစ်ပါတယ်။ အဲဒါက ကိုယ့်ပြည်တွင်းဘွဲ့တွေကို ဆိုလိုပါတယ်ခင်ဗျား။ ဒါဟာ ပြည်တွင်းရော ပြည်ပရော ဆိုလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ (၅) မှာ ကန့်သတ် အထူးဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ တစ်ခုပေါ့နော်၊ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီကရီ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး သတ်မှတ်ထားသော အရည်အချင်း ပြည့်မီသည့် နိုင်ငံခြားသား ဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များအညီ စိစစ်ပြီး ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည် ဒါက နိုင်ငံခြားသားဆရာဝန်။ တစ်ပိုင်းပြီးသွားပြီပေါ့။ (၃)မှာ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင် ဆိုသည်မှာ အခြေခံဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး ဒါသည် ပြည်တွင်းက ရရှိတာပေါ့။ ဟုတ်လား။ ရပြီ။ (၃) မှာ ကန့်သတ် ထပ်ဖြည့်မယ်။ ကန့်သတ်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင် ဆိုသည်မှာ အခြေခံ ဆေးပညာဘွဲ့မရရှိသော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ တစ်ခုခု ရရှိပြီး ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက် ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကဖြစ်စေ၊ ကောင်စီကဖြစ်စေ သက်ဆိုင်ရာ

ပညာရပ်အလိုက် ကုသမှုတစ်ခုခုကို ဆောင်ရွက်နိုင်သည် ဟု အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်အား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အခြေအနေအရ လိုအပ်သည် ဟု ကောင်စီက သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး ထုတ်ပေးသော လိုင်စင်ကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အပိုဒ် ၂ (ဈ) (၁) (၂) (ည) (ဌ)(ဍ) ပြင်ဆင်ချက် အတည်ဖြစ်သည်။ ပြင်ဆင်ချက် အတည် ဖြစ်တဲ့အတွက် အပိုဒ် ၂ (ဈ) (၁) (၂) (ည) (ဌ)(ဍ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃(ဆ)

၃။ (ဆ) မှတ်ပုံတင် ဆရာဝန်များ၏ နစ်နာမှုများအတွက် လိုအပ်ပါက သင့်လျော်သော အကြံဉာဏ် များပေးရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)** ။ ။ ဟိုမှာ ဆွေးနွေးတုန်းက သက်ဆိုင်ရာ ဥပဒေကြမ်းကော်မတီကလည်းပဲ ဟိုက ညွှန်ချုပ်တွေကရော ရည်ရွယ်ချက်မှာ (ဆ) နစ်နာမှု များအတွက် လိုအပ်ပါက သင့်လျော်သော အကြံဉာဏ်များပေးရန် ဆိုတာ သေးသိမ်တယ်ဆိုတဲ့ သဘော မျိုး ဖြစ်နေတော့ လုပ်ငန်းသဘောထဲမှာပဲ ပါရမယ်လို့ ဆွေးနွေးပွဲတုန်းက ကျွန်တော်တို့ သဘောတူညီခဲ့ ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အဲဒီမှာ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌကရော ကျွန်တော်တို့ရော သဘောတူထားတယ်။ ကောင်းမွန်သော ဆေးကုသမှု ပတ်ဝန်းကျင် ဖြစ်ထွန်းစေရေးအတွက် ကြပ်မတ်ရန် မဟုတ်ဘဲနဲ့ ဖြစ်ထွန်းစေရန် ဆိုပြီးတော့ ဒီလိုပဲ စကားလုံးကို သဘောတူခဲ့တာ မှတ်မိပါလိမ့်မယ်။ ဥက္ကဋ္ဌ ကိုယ်တိုင်လည်း ဖြစ်တော့ ကျွန်တော်က အဲဒီတစ်ခုပဲ ထည့်ပြီး ကျန်တဲ့ဟာကို လုပ်ငန်းပိုင်းမှာ အားလုံးက သဘောတူခဲ့တဲ့အပိုင်း ဒီမှာရေးထားတာ နည်းနည်းကွဲလွဲနေတယ်လို့ ယူဆပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြောဖို့ရှိရင် ပြောပါ။

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ မနေ့ကလည်း ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါကျတော့ DG နှစ်ယောက် လာပါတယ်။ ဆေးပညာနဲ့ ကျန်းဦးစီးနဲ့လာတယ်။ ညှိပြီးတော့ ဒီလိုထည့်တဲ့အခါကျတော့ တစ်ယောက်ကတော့ ဒီလိုပြောတယ်။ နောက်တစ်ယောက်ကတော့ ဒီမှာ ထည့်ထားခြင်းအားဖြင့်လည်း လုပ်ငန်းမှာထည့်ရင် ပိုပြီးကျယ်ပြန့်ပါတယ်။ ဒီမှာ ဒါလေး ပါထားတော့ ဒါလေးပြရင် နောက် ဥပဒေတွေပြရင် ထည့်လို့ ပိုကောင်းပါတယ်လို့ ထောက်ခံပါတယ်။ ထောက်ခံတော့ ဆုံးဖြတ်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့က ဒီလိုထည့်ဖို့ ဖြစ်သွားပါတယ်။ ဆရာကြီး ပြောတာတော့ မှန်တယ်။ (ဇ)ကတော့ ကျွန်တော်တို့က ဖြစ်ထွန်းစေရန် အထိပဲ ဖျက်ထားဖို့ ဖြစ်ပါတယ်။ ဒါကတော့ Error ဖြစ်သွားပါတယ်။ (ဇ)ကတော့ ဖျက်ထားပါတယ်။ ဖြစ်ထွန်းစေရန် ကျန်တာကတော့ ထည့်သင့်တယ်လို့ ပြန်ပြီးတော့ အကြံပြုပါတယ်။ ဒီမှာ ပါထားမှ နည်းဥပဒေတို့ နောက်လာမယ့် နောက်ဆက်တွဲ ဥပဒေတွေ ပါလို့ရမယ်လို့ ဆိုပါတယ် ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ခဏလေး၊ ခဏလေး ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဥပဒေကြမ်း ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးစိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်လည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော့်အနေနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁/၂၀၁၄ -

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ၁၅ ရက်မြောက်နေ့တွင် ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ဆွေးနွေးနိုင်ပါရန် ၁၃-၁၀-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် ၂၇-၁၀-၂၀၁၄ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာတွေ့ရှိချက်ချက်များကို ဆက်လက်တင်ပြပါမယ်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းကို လေ့လာစိစစ်ခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြုစုရေးဆွဲ တင်သွင်းခဲ့၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်သည့် မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့် ပြည်တွင်းရေကြောင်း ဥပဒေကြမ်းတို့ပါ ပြဋ္ဌာန်းချက်များနှင့် ဆီလျော်ညီညွတ်မှုရှိစေရန် အတွက်လည်းကောင်း၊ ဤဥပဒေအရ ဖွဲ့စည်းမည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ တာဝန်ဆက်လက် ထမ်းဆောင်မည့် ဝန်ထမ်းများ၏ ရာထူးနှင့် ရပိုင်ခွင့်များ အာမခံမှုရရှိစေရန်အတွက်လည်းကောင်း၊ အုပ်ချုပ်မှုအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ အဖွဲ့၏ ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်စေရန်အတွက် လည်းကောင်း ညှိနှိုင်းခဲ့ကြရာ အောက်ပါအတိုင်း သဘောတူညီမှု ရရှိခဲ့ပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ(ဃ)၏ အောက်တွင် အပိုဒ်ခွဲ(င) အဖြစ် ဆိပ်ကမ်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အတွက် ပြည်ပနိုင်ငံများနှင့် လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဟု လည်းကောင်း၊ အပိုဒ် ၂၃ ကို အပိုဒ် ၂၄ အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ၂၄၊ အပိုဒ်ခွဲ(င) ၏ အောက်တွင် အပိုဒ်ခွဲ(စ)အဖြစ် ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်ဖြစ်လျှင် အဆိုပါ ကုန်စည်ကို ရေယာဉ်မှ ချပြီးနောက် ၂၄ နာရီကျော်လွန်ပါက လေလံတင်ရောင်းချ နိုင်သည် ဟု လည်းကောင်း၊ အပိုဒ် ၆၉ကို အပိုဒ် ၆၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ၆၀ ၏ အောက်တွင် အပိုဒ် ၆၁ အဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်သည့် လုပ်ဆောင်မှုတစ်စုံတစ်ရာအတွက် လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အတိအလင်း ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် လုပ်ဆောင်မှု တစ်စုံတစ်ရာအတွက်လည်းကောင်း၊ အထက်ပုဒ်မပါ မည်သည့် ပြဋ္ဌာန်းချက်ကမှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အပေါ် တရားမမှု စွဲဆိုခြင်းကို တားဆီး ပိုင်ခွင့်မရှိစေရ ဟုလည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း

အပိုဒ် ၃ ၏ အောက်တွင် အပိုဒ် ၃၊ အပိုဒ်ခွဲ(က) အဖြစ် နိုင်ငံတော် ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည် ဟုလည်းကောင်း၊ အပိုဒ် ၁၃ (ဂ) ကို အပိုဒ် ၁၃(ခ) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ၁၃ (ခ) ၏ အောက်တွင် ၁၃ (ဂ) အဖြစ် ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ယင်းတို့ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ အငြိမ်းစားလစာနှင့် အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ယင်းတို့ စတင်ပြောင်းရွှေ့သည့်နေ့ရက်မှစ၍ အချိန်ကာလ တွက်ချက်ပြီး ခံစားခွင့်ပြုရမည် ဟု လည်းကောင်း၊ အပိုဒ် ၁၇ ကို အပိုဒ် ၁၈ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး အပိုဒ် ၁၈(ခ) ၏ အောက်တွင် အပိုဒ် ၁၈(ဂ) အဖြစ် မိမိပိုင်ဆိုင်သော အသုံးမလိုတော့သည့် ရေယာဥ်၊ စက်ကိရိယာနှင့် ပစ္စည်းများအား ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်ရှိသည် ဟုလည်းကောင်း၊ အပိုဒ် ၂၇ ကို အပိုဒ် ၂၈ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး အပိုဒ် ၂၈(ခ)(၁) ၏ အောက်တွင် အပိုဒ် ၂၈ (ခ) (၂) အဖြစ် အုပ်ချုပ်မှုအဖွဲ့၏ အစည်းအဝေးများကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည် ဟု လည်းကောင်း ပိုမိုပြည့်စုံမှုရှိစေရန် အတွက် အသီးသီး အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြစ်ဒဏ်များ ချမှတ်ရာတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် ထိုက်သင့်သည့် ဒဏ်ကြေးငွေများ ချမှတ်နိုင်ရန် ပြည်သူ့လွှတ်တော် က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈၄ တွင် ဖော်ပြထားသော အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း (၅၀) အထိ ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်အစား အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း (၅၀၀) အထိ ငွေဒဏ်ဖြစ်စေဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၆ တွင်ဖော်ပြထားသော အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိ ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်အစား အနည်းဆုံး ကျပ်(၁၀)သိန်းမှ အများဆုံး ကျပ်သိန်း(၁၀၀) အထိငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၈ တွင် ဖော်ပြထားသော သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း(၅၀)အထိ ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်(၁၀)သိန်းမှ အများဆုံး ကျပ်သိန်း(၂၀၀)အထိ ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃(က)၊ (ဂ)၊ (ဎ)၊ (ဏ)၊ အပိုဒ် ၅(င)၊ အပိုဒ် ၆၊ အပိုဒ် ၁၁(က)၊ အပိုဒ် ၁၄(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၅ (ခ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၆ (က)၊ (ဂ)၊ အပိုဒ် ၃၈၊ အပိုဒ် ၄၄၊ အပိုဒ် ၆၀၊ အပိုဒ် ၆၃၊ အပိုဒ် ၆၇(ခ)၊ အပိုဒ် ၇၅(က)၊ အပိုဒ် ၇၉ (ဃ)၊ (ဇ)၊ အပိုဒ် ၈၄၊ အပိုဒ် ၈၅၊ အပိုဒ် ၈၆၊ အပိုဒ် ၈၇၊ အပိုဒ် ၈၈၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၃၊ အပိုဒ် ၁၀၄(က) တို့ကို ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် အတွက် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၄(က)၊ အပိုဒ် ၇(င)၊ အပိုဒ် ၉၊ အပိုဒ် ၁၂ (ခ)၊ အပိုဒ် ၁၃(က)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(ဇ)၊ အပိုဒ် ၂၇(က)၊ အပိုဒ် ၂၇ (ခ)(၁)၊ အပိုဒ် ၂၈ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ အပိုဒ် ၃၄(ခ)၊ (ဂ)၊ အပိုဒ် ၆၄၊ အပိုဒ် ၆၅ (ည)၊ အပိုဒ် ၆၉၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂(က)၊ အပိုဒ် ၇၈ (က)၊ (ခ)၊ (ဂ)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၀၊ အပိုဒ် ၈၁(က)၊ အပိုဒ် ၉၇ တို့ကို အရေးအသား ကျစ်လစ်မှုရှိစေရန်အတွက် အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( င ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃(င)၊ (ဍ)၊ အပိုဒ် ၅(ဂ)၊ အပိုဒ် ၂၀(က)(၃)၊ အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၅(က)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ အပိုဒ် ၅၇(က)၊ အပိုဒ် ၆၅(ဠ)၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇(ဆ)၊ အပိုဒ် ၆၈(ခ)(၄)၊ အပိုဒ် ၇၄ တို့ကို မြန်မာစာ အရေးအသား အသုံးအနှုန်းမှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရ ပါသည်။

( စ ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၃(ဂ)၊ (ဃ)၊ အပိုဒ် ၁၆ (ဆ)၊ အပိုဒ် ၁၉(ခ)၊ အပိုဒ် ၂၂(ဂ)၊ အပိုဒ် ၂၆(ခ)၊ (ဠ)၊ အပိုဒ် ၃၀ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ အပိုဒ် ၃၄ (င)၊ အပိုဒ် ၅၈၊ အပိုဒ် ၆၀(စ)၊ အပိုဒ် ၆၂ (ဃ)၊ အပိုဒ် ၆၅ (ဇ)၊ အပိုဒ် ၇၃၊ အပိုဒ် ၇၆ (ခ)၊ အပိုဒ် ၉၃ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) တို့ကို အဓိပ္ပာယ်ပိုမိုပေါ်လွင်မှု ရှိစေရန်အတွက် ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၀(ဃ)၊ အပိုဒ် ၁၃(ခ)၊ အပိုဒ် ၂၀(ဂ)၊ အပိုဒ် ၂၇(ခ)(၃)(၄)၊ အပိုဒ် ၃၄(ဆ)၊ အပိုဒ် ၄၀(က)(၄)(၅)(၆)(၇)၊ အပိုဒ် ၄၅၊ အပိုဒ် ၄၀(ဂ)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄၊ အပိုဒ် ၈၃၊ အပိုဒ် ၉၀၊ အပိုဒ် ၉၆၊ အပိုဒ် ၁၀၅(ခ) တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

( ဇ ) မြန်မာစာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်း မှန်ကန်မှု ရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ အဓိပ္ပာယ်ပိုမို ပြည့်စုံစေရန်အတွက်လည်းကောင်း၊ အရေးအသား ကျစ်လစ်စေရန်အတွက် လည်း ကောင်း ညှိနှိုင်းပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ထိုသို့ ပြင်ဆင်ခဲ့သည့်အတွက် ပြောင်းလဲ သွားသည့် အမှတ်စဉ်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင် ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်း ကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက် ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံ အပ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၈-၁၁-၂၀၁၄ ရက် (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

ဆေးကောင်စီဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ အခုလို ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတဲ့အခါမှာ ပြည်ပနိုင်ငံသားများ၊ ပြည်ပပညာရှင်များ စီးဝင်မှုတွေရှိပါတယ်။ ဒါကြောင့် ဥပဒေပြုတဲ့အခါမှာ နိုင်ငံသားဟုတ်သည်ဖြစ်စေ၊ နိုင်ငံသားမဟုတ်သည်ဖြစ်စေ လိုက်နာနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာစဉ်းစား သုံးသပ်ဖို့လိုတယ်။ ဒါကြောင့် ဒါကို ပြန်လည် ကြားနာဆောင်ရွက်ပါ။ ဆရာကြီး ဦးမြဦး ကလည်း အခုနက ပြင်ဆင်ချက်အဆို တင်သွင်းလို့ရပါတယ်။ ကန့်ကွက်စရာရှိရင် တိတိကျကျပဲ ကန့်ကွက်လိုက်ပါ။ ကန့်ကွက်တာတော့ မဟုတ်ပါဘူး ဆိုသော်လည်း ပြင်ရတဲ့ကိစ္စပဲ။ အဲဒီတော့ ကျွန်တော်တို့ ဆုံးဖြတ်ပေးမယ်။ ဆုံးဖြတ်ပေးတဲ့အခါမှာ ပြန်လည်ဆွေးနွေးချင် ဆွေးနွေးလို့ရတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးသဘောပေါက်ပြီးတော့မှ မဲပေးတဲ့အခြေအနေမျိုး ရောက်အောင် ဒါက အများကြီး ကျယ်ကျယ်ပြန့်ပြန့်နဲ့ နိုင်ငံတကာရဲ့ ကျင့်သုံးတဲ့အလေ့အထတွေကို ပါ လေ့လာပြီးမှ ဆုံးဖြတ်သင့်တဲ့ ဥပဒေဖြစ်တဲ့အတွက် ဆိုင်းငံ့ထားလိုက်တာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အခုလွှတ်တော်ကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဦးစိုင်းတင်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းတင်အောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ -၆၀၄
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ နိုဝင်ဘာ လ ၂၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ၂၆-၉-၂၀၁၄ ရက်နေ့တွင် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) မြန်မာစာ အထားအသို မှန်ကန်မှုရှိစေရန်နှင့် ဥပဒေရေးထုံး အစီအစဉ်ကျနမှုရှိစေရန် အတွက် မူလဥပဒေကြမ်းတွင် ပါရှိသော သူနာပြု သို့မဟုတ် သူနာပြုသားဖွား သို့မဟုတ် သားဖွား ဆိုသည့်စကားရပ်ကို သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြုသားဖွား ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ သူနာပြုလိုင်စင်၊ သူနာသားဖွားပြုလိုင်စင်နှင့် သားဖွား လိုင်စင် ဆိုသည့် စကားရပ်ကို သူနာပြုလိုင်စင်၊ သားဖွားလိုင်စင်နှင့် သူနာပြု သားဖွား

လိုင်စင်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ သူနာပြု၊ သူနာပြုသားဖွား သို့မဟုတ် သားဖွား ဆိုသည့်စကားရပ်ကို သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြုသားဖွား ဆိုသည့် စကားရပ်ဖြင့်လည်း ကောင်း၊သူနာပြု၊ သူနာပြု သားဖွားများနှင့် သားဖွားများ ဆိုသည့် စကားရပ်ကို သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားများ ဆိုသည့်စကားရပ်ဖြင့် လည်း ကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၂၉ ၊ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ည)၊ အပိုဒ် ၃၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)၊ အပိုဒ် ၃၅ တို့တွင်ပါရှိသော အမိန့်ဆိုသည့် စကားရပ်ကို ဆုံးဖြတ်ချက် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ စီမံခန့်ခွဲရေးအမိန့် ဆိုသည့်စကားရပ်ကို စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ် ချက် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းပြီး တိကျစွာတာဝန်ပေးအပ်နိုင်ရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(စ)တွင် ဖော်ပြထားသော တရားမျှတမှုရှိစေရန်နှင့် ဆိုသည့်စကားရပ်ကို ဥပဒေနှင့်အညီ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄ တွင် ဖော်ပြထားသော ကောင်စီဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းရမည် ဆိုသည့်စကားရပ်ကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွား ကောင်စီဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၅ တွင် ဖော်ပြထားသောကောင်စီဖြစ်မြောက်ရေး ကော်မတီ သည် ဆိုသည့်စကားရပ်ကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဖြစ်မြောက် ရေးကော်မတီ သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ်(၄)တွင် ဖော်ပြထားသော သူနာပြုတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ပေးအပ်ခြင်းခံရသည့် သူနာပြုအရာရှိ(၁)ဦး ဆိုသည့်စကားရပ်ကို သူနာပြု တက္ကသိုလ်များမှ ကိုယ်စားလှယ် (၂)ဦး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၁)ကို အပိုဒ် ၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၉)ဟု ပြင်ဆင် ပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွား အသင်းမှ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်(၁)ဦး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၂)ကို အပိုဒ် ၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၀) ဟု ပြင်ဆင်ပြီး ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ မှ သူနာပြု သို့မဟုတ် သူနာပြုသားဖွား ကိုယ်စားလှယ်(၈)ဦး ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယအတွင်းရေးမှူး၊ တွဲဖက်အတွင်း ရေးမှူး နှင့် ကောင်စီအဖွဲ့ဝင်များကို သတ်မှတ်ချက်များနှင့်အညီ တိကျစွာ ဖွဲ့စည်း နိုင်ရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၆ တွင် ဖော်ပြထားသော စကားရပ်များအစား ကျန်းမာရေးဝန်ကြီးဌာနသည် ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ) အရ တင်ပြသော ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီ အဖွဲ့ဝင်များ ပါဝင် သည့် စုစုပေါင်း ၆၀ ဦးထက်မပိုသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည် ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊

အပိုဒ် ၇၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈ တွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီသည် ကောင်စီ အတွင်းရေးမှူးအား မှတ်ပုံတင်အရာရှိ အဖြစ် တာဝန်ပေးအပ်ရမည်။ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဆ)တွင် ဖော်ပြထားသော ကိုယ်ကျင့်တရား ပျက်ပြားရာရောက်သည် ဆိုသည့် စကားရပ်ကို အရေးအသား ကျစ်လျစ်မှုရှိစေရန် အတွက် ကျင့်ဝတ်သိက္ခာပျက်ကွက်သည် ဟု ပြင်ဆင်ပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ(စ) အဖြစ်လည်းကောင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဂ) တွင် ဖော်ပြထားသော စကားရပ်များ အစား ပြည်ပရှိ သူနာပြုသားဖွားအတတ်ပညာသင် ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အသိအမှတ် ပြုရေးအတွက် အရည်အချင်း စစ်ဆေးရန် ကင်းလွတ်ခွင့်ပေးခြင်း ဟု ပြင်ဆင်ပြီး အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ခ) အဖြစ် လည်းကောင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော စကားရပ်များအစား ပြည်တွင်း၊ ပြည်ပရှိ သူနာပြုသားဖွား အတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အရည်အချင်းစစ်ဆေးရန် ကင်းလွတ်ခွင့် ပြုထားခြင်းမရှိပါက အရည်အချင်း စစ်ဆေးပြီး အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း ဟု ပြင်ဆင်ပြီး အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဂ)အဖြစ် လည်းကောင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ (ဎ)တွင် ဖော်ပြထားသော လိုအပ်သော အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ခြင်း ဆိုသည့်စကားရပ်ကို လိုအပ်သော အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်၍ အခါအားလျော်စွာ ဆန်းစစ်အကဲဖြတ်ခြင်း ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ပြီး အပိုဒ်၁၃၊ အပိုဒ်ခွဲ(စ)အဖြစ်လည်းကောင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဓ)တွင် ဖော်ပြထားသော ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ကို ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ရာတွင် ကျန်းမာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ပြီး အပိုဒ် ၁၃၊ အပိုဒ်ခွဲ (ည)အဖြစ်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော အဖွဲ့ဝင် ၁၅ ဦးထက် မနည်းသော ဆိုသည့် စကားရပ်ကို ရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် အဖွဲ့ဝင် ၁၅ ဦး ထက်မပိုသော ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃) တွင် ဖော်ပြထားသော ကောင်စီဝင် အနည်းဆုံး ၁၁ ဦး အဖွဲ့ဝင်များ ဆိုသည့် စကားရပ်ကို ကောင်စီဝင်များ အဖွဲ့ဝင်များ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁) တွင် ဖော်ပြထားသော စကားရပ်များအစား သူနာပြုသားဖွား အတတ်ပညာနှင့် လုပ်ငန်းအဆင့်အတန်း စံချိန်စံညွှန်း သတ်မှတ်ရေး လုပ်ငန်းကော်မတီ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၂)တွင် ဖော်ပြထားသော စကားရပ်များအစား သူနာပြုသားဖွား ပညာရေးနှင့် လုပ်ငန်းအရည်အသွေး အာမခံမှုအကဲဖြတ်ရေး လုပ်ငန်းကော်မတီ၊ ဆိုသည့်

စကားရပ် ဖြင့်လည်းကောင်း၊အပိုဒ် ၁၆၊ အပိုဒ်ခွဲ(က)နှင့်(ခ) တို့တွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်း စစ်ဆေးမှု ပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာ မှတ်ပုံတင် လက်မှတ် ထုတ်ပေးရမည် ဟု ပြင်ဆင်ပြီး အပိုဒ် ၁၅၊ အပိုဒ်ခွဲ(ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၁၇ တွင် ဖော်ပြထားသော စကားရပ်များ အစား ကောင်စီ က ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) နှင့် (ဂ)တို့အရ အသိအမှတ်ပြုသော ပြည်ပရှိ သူနာပြုသားဖွား အတတ်ပညာသင် ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ် ရရှိသူ သည် သူနာပြုအဖြစ် သော်လည်းကောင်း၊ သားဖွားအဖြစ် သော်လည်းကောင်း၊ သူနာပြုသားဖွားအဖြစ် သော်လည်းကောင်း မှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ် ချက်များနှင့်အညီ လျှောက်ထားနိုင်သည် ဟု ပြင်ဆင်ပြီး အပိုဒ် ၁၆၊ အပိုဒ်ခွဲ(က) အဖြစ်လည်းကောင်း၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က) နှင့် (ခ) တို့တွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်း စစ်ဆေးမှုပြုလုပ်၍ မှတ်ပုံ တင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေး ရမည် ဟု ပြင်ဆင်ပြီး အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ)အဖြစ် လည်းကောင်း၊ အပိုဒ် ၂၀ တွင် ဖော်ပြထားသော စကားရပ်များအစား မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ထား ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးရန် ပြန်လည်လျှောက်ထားခြင်း၊ စိစစ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းတို့နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၅ နှင့် ၁၆ တို့ပါ ပြဋ္ဌာန်းချက် များနှင့်အညီ ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ပြီး အပိုဒ် ၁၇ အဖြစ် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မူလဥပဒေကြမ်း အပိုဒ် ၂၁ နှင့် အပိုဒ် ၂၂ တို့တွင် ဖော်ပြထားသော သူနာပြုလိုင်စင်၊ သားဖွားလိုင်စင် သို့မဟုတ် သူနာပြုသားဖွားလိုင်စင် ဆိုသည့် စကားရပ်ကို သက်ဆိုင်ရာ လိုင်စင်တစ်ခုခု ဟု ပြင်ဆင်ပြီး အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က)နှင့် (ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၂၃ နှင့် အပိုဒ် ၂၄ တို့တွင် ဖော်ပြထားသော သူနာပြု ကန့်သတ်လိုင်စင်၊ သားဖွား ကန့်သတ်လိုင်စင် သို့မဟုတ် သူနာပြုသားဖွား ကန့်သတ် လိုင်စင်ကို ဆိုသည့် စကားရပ် ကို သက်ဆိုင်ရာ ကန့်သတ်လိုင်စင် တစ်ခုခုကို ဟု ပြင်ဆင်ပြီး အပိုဒ် ၂၀ အပိုဒ်ခွဲ(က)နှင့် (ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၂၅ တွင် ဖော်ပြထားသော စကားရပ်များအစား လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ငြင်းပယ် ခြင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်း ခံရသူသည် သတ်မှတ်ထား

သော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်၍ လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားခြင်း၊ စိစစ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းတို့နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၈၊ ၁၉ နှင့် ၂၀ တို့ပါ ပြဋ္ဌာန်း ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ပြီး အပိုဒ် ၂၁ အဖြစ် လည်းကောင်း၊ အပိုဒ် ၂၆တွင် ဖော်ပြထားသော ထိုသက်တမ်း ဆိုသည့် စကားရပ်ကို အဆိုပါ သက်တမ်း ဟု ပြင်ဆင်ပြီး အပိုဒ် ၂၂၊ အပိုဒ်ခွဲ(က) အဖြစ် လည်းကောင်း၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(က)နှင့်(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်သက်တမ်း တိုးမြှင့်ကြေးကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရမည် ဟု ပြင်ဆင်ပြီး အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၁၅၊ အပိုဒ် ၂၉၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ဃ) တို့တွင် ပါရှိသော ဘွဲ့ဒီဂရီ၊ ဒီပလိုမာ ဆိုသည့် စကားရပ်ကို ဘွဲ့၊ ဒီပလိုမာ ဟု ပြင်ဆင်ပြီး အပိုဒ် ၁၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ဂ) အဖြစ် လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) အခန်းခေါင်းစဉ်များကို အစီအစဉ်ကျနမှု ရှိစေရန်အတွက် မူလဥပဒေကြမ်း အခန်း ၈၊ အခန်းခေါင်းစဉ်ကို သူနာပြုလိုင်စင် ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အခန်း ၉၊ အခန်းခေါင်းစဉ်ကို သားဖွားလိုင်စင်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း ၁၀၊ အခန်း ခေါင်းစဉ်ကို သူနာပြုသားဖွား လိုင်စင်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အခန်း ၁၁၊ အခန်းခေါင်းစဉ်ကို ကန့်သတ်လိုင်စင် ရရှိသူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း ၁၂၊ အခန်းခေါင်းစဉ်ကို စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း ၁၅၊ အခန်းခေါင်းစဉ်ကို တားမြစ်ချက်များ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးပြင်ဆင်၍ အခန်း ၁၅ ခေါင်းစဉ်၏ အောက်တွင် အခန်း ၁၆၊ ပြစ်ဒဏ်များအခန်း ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဆ) မူလဥပဒေကြမ်း အပိုဒ် ၂၉၊ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၂၄၊ အပိုဒ်ခွဲ(စ) အဖြစ်လည်းကောင်း၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(ည)ကို အပိုဒ် ၂၅၊ အပိုဒ်ခွဲ(ဆ) အဖြစ်လည်းကောင်း၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ဈ) ကို အပိုဒ် ၂၆၊ အပိုဒ်ခွဲ(စ) အဖြစ် လည်းကောင်း၊ အပိုဒ် ၃၄ ကို အပိုဒ် ၂၉ အဖြစ်လည်းကောင်း၊ အပိုဒ် ၃၄၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၉၊ အပိုဒ်ခွဲ(က) အဖြစ် လည်း ကောင်း၊ အပိုဒ် ၄၄၊ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ခ) အဖြစ်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၂၄။(စ) သူနာပြုလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်အရလည်းကောင်း၊ ထိုဆုံးဖြတ်ချက်ကို အယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ အယူခံဆုံးဖြတ်ချက်အရ လည်းကောင်း ပယ်ဖျက်ခြင်း ခံရလျှင် အဆိုပါ သူနာပြု လိုင်စင်ကို ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

၂၅။(ဆ) သားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်အရလည်းကောင်း၊ ထိုဆုံးဖြတ်ချက်ကို အယူခံပါက ကျန်းမာရေး ဝန်ကြီးဌာန၏ အယူခံ ဆုံးဖြတ်ချက်အရလည်းကောင်း ပယ်ဖျက်ခြင်းခံရလျှင် အဆိုပါ သားဖွားလိုင်စင် ကို ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

၂၆။(စ) သူနာပြု သားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်အရ လည်းကောင်း၊ ထိုဆုံးဖြတ်ချက်ကို အယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ အယူခံဆုံးဖြတ်ချက်အရ လည်းကောင်း ပယ်ဖျက်ခြင်းခံရလျှင် အဆိုပါ သူနာပြုသားဖွားလိုင်စင်ကို ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

၂၉။ ကောင်စီက ချမှတ်သည့် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကျန်းမာရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည် -

၂၉။(က) ပြည်တွင်းပြည်ပရှိ သူနာပြုသားဖွား အတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို စိစစ်၍ အရည်အချင်း စစ်ဆေးပြီး အသိအမှတ်ပြုရန် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

၃၈။(ခ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်း ခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါ ဆုံးဖြတ်ချက် ချမှတ် သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ ပြန်လည် အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

(၉) မူလဥပဒေကြမ်း အပိုဒ် ၂၉၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(ဇ)နှင့် အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ဆ) တွင် ဖော်ပြထားသော ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် ဆိုသည့် စကားရပ်ကို ရာထူးအဆင့်အလိုက် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ပြီး အပိုဒ် ၂၄၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၂၆၊ အပိုဒ်ခွဲ(င) အဖြစ်လည်းကောင်း၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ်ခွဲ(ခ)ကို အပိုဒ်၂၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား သူနာပြုကန့်သတ်လိုင်စင် ရရှိသူ

သည် ဤဥပဒေ အခန်း(၈)ပါ သူနာပြုလိုင်စင် ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များကို လည်းကောင်း၊ သားဖွားကန့်သတ်လိုင်စင် ရရှိသူသည် ဤဥပဒေအခန်း(၉)ပါ သားဖွား လိုင်စင်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များကိုလည်းကောင်း၊ သူနာပြုသားဖွား ကန့်သတ် လိုင်စင် ရရှိသူသည် ဤဥပဒေ အခန်း(၁၀)ပါ သူနာပြုသားဖွားလိုင်စင် ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆီလျော်သမျှ လိုက်နာဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်၃၃၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၈၊ အပိုဒ်ခွဲ(က) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ ဆိုသည့်စကားရပ်ကို နည်းဥပဒေများ နှင့် အမိန့်တို့ပါ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၃၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၄)နှင့် အပိုဒ် ၃၃၊ အပိုဒ်ခွဲ(ခ) တို့တွင် ဖော်ပြထားသော မှတ်ပုံတင် နှင့် လိုင်စင် ဆိုသည့် စကားရပ်ကို မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင် ဟု ပြင်ဆင်ပြီး အပိုဒ် ၂၈၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ ငယ်(၄)နှင့် အပိုဒ်ခွဲ(ခ)တို့ အဖြစ်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း ဖွင့်လှစ်လိုသူသည် ကျန်းမာရေး ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားပြီး ကောင်စီက လျှောက်ထား သူအား အသိအမှတ်ပြုလိုင်စင် ထုတ်ပေးနိုင်ရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၃၇ ကို အပိုဒ် ၃၁၊ အပိုဒ်ခွဲ (က)နှင့် (ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၃၈ ကို အပိုဒ် ၃၂ အဖြစ် လည်းကောင်း အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည် -

၃၁။ ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်းတစ်မျိုးမျိုးကို တည်ထောင် ဖွင့်လှစ်သင်ကြားလိုသူသည်

(က) လုပ်ငန်းလိုင်စင်ရရှိရန် ကောင်စီမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာန သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) သူနာပြု အတတ်ပညာနှင့် သားဖွား အတတ်ပညာဆိုင်ရာ သင်ရိုး ညွှန်းတမ်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲ၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် သတ်မှတ်ထား သော ဝန်ဆောင်ခ ပေးသွင်းပြီး ကောင်စီသို့ တင်ပြရမည်။

၃၂။ ကောင်စီသည် ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)ပါ တင်ပြချက်အရ ပုဂ္ဂလိက သူနာပြု သားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုရန် သင့် မသင့် သဘောထား မှတ်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် လျှောက်ထားသူထံသို့ ပြန်ကြား ရမည်။ ခွင့်ပြုသင့်ပါက အသိအမှတ်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

(ည) မူလဥပဒေကြမ်း အပိုဒ် ၃၉ ကို အပိုဒ် ၃၃ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ကျန်းမာရေး ဝန်ကြီးဌာနသည် ပုဒ်မ ၃၂ အရ ကောင်စီက အသိအမှတ်ပြု လက်မှတ်ထုတ်ပေးပါက ပုဂ္ဂလိကသူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ပြု၍ လုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းကမ်းချက်များနှင့် လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ လုပ်ငန်းလိုင်စင်ကြေး ပေးသွင်းစေခြင်း ပြုပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၀၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၄၊ အပိုဒ်ခွဲ(က) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော သတ်မှတ် ထားသော ဆိုသည့်စကားရပ်ကို လုပ်ငန်းလိုင်စင် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၀၊ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃၄၊ အပိုဒ်ခွဲ(ခ) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စစ်ဆေးရေးမှူးများနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ ဆိုသည့်စကားရပ်ကို သူနာပြုသားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေး အာမခံမှု အကဲဖြတ် ရေး လုပ်ငန်းကော်မတီ၏ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၃ ကို အပိုဒ် ၃၇ ဟု ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော ဝတ်စုံနှင့် အဆောင်အယောင်များကို ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း သို့မဟုတ် တပ်ဆင်ခြင်း မပြုရ။ ဆိုသည့် စကားရပ်ကို ဂုဏ်ဝတ်စုံနှင့် အဆောင်အယောင်များကို မရိုးမဖြောင့်သော သဘောဖြင့် ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း သို့မဟုတ် တပ်ဆင်ခြင်းမပြုရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၆ ကို အပိုဒ် ၃၉ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ငွေဒဏ်ချမှတ်ရမည်။ ဆိုသည့်စကားရပ်ကို ဥပဒေအရေးအသားမှန်ကန်မှု ရှိစေရန် အတွက် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဋ) မူလဥပဒေကြမ်း အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဓ)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၈)(၉)၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဒ)၊ အပိုဒ်ခွဲ(ပ)၊ အပိုဒ်ခွဲ(ဗ)၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၉၊ အပိုဒ်ခွဲ (ဂ)၊ (စ)၊ (ဇ)နှင့် (ဋ)၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(ဂ)၊ (ဆ)၊ (ဈ) နှင့် (ဌ)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ (ဂ)၊(စ)၊(ဇ) နှင့် (ဋ)၊ အပိုဒ် ၃၆၊ အပိုဒ် ၄၅၊ အပိုဒ် ၅၀ တို့ကို မလိုအပ်၍ ပယ်ဖျက်ပြီး အပိုဒ် ၅၊ အပိုဒ်ခွဲ(က)(၇) ကို အပိုဒ် ၅၊ အပိုဒ်ခွဲ(က)(၆)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)(၆)၏ အောက်တွင် အပိုဒ် ၅၊ အပိုဒ်ခွဲ(က)(၇)အဖြစ် လည်းကောင်း၊ အပိုဒ် ၂၁ နှင့် ၂၂ တို့ကို အပိုဒ် ၁၈ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အပိုဒ် ၁၈ ၏ အောက်တွင် အပိုဒ် ၁၉၊ အပိုဒ်ခွဲ (က)နှင့် (ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၅၉ ကို အပိုဒ် ၅၁ အဖြစ်ပြင်ဆင်ပြီး၊ အပိုဒ် ၅၁ ၏အောက်တွင် အပိုဒ် ၅၂ အဖြစ်လည်းကောင်း အသီးသီး အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်

၅။(က)(၇) သူနာပြုသားဖွား အတတ်ပညာသင်တန်းကျောင်းများမှ ကိုယ်စားလှယ် (၁၄)ဦး

၁၉။(က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံသားသည် သူနာပြုအတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့် ဖြစ်စေ၊ သူနာပြုသားဖွား အတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် တစ်ခုခုကို ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် တစ်ခုခုကို ထုတ်ပေးရမည်။

၅၂။ ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစ၍ တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ထို့အပြင် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ၏ အနှစ်သာရကို မပြောင်းလဲစေဘဲ မြန်မာစာ သတ်ပုံနှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်အစားထိုးပြီး ဖြစ်ပါကြောင်း နှင့် ပြောင်းလဲသွားသည့် အပိုဒ်များနှင့် အခန်းများကိုလည်း ပြန်လည်စိစစ်ထားပါကြောင်း တင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၄။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သက်မြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၃။**

**ဗိုလ်မှူးအောင်သက်မြင့် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်ပညာရှင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၄၁၀၈ ဗိုလ်မှူးအောင်သက်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းအား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာတဲ့ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းသည် အခန်း(၁၇)ခန်း နှင့် ပုဒ်မ (၆၁)ခု ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခန်း(၃)၊ ပုဒ်မ ၉(က)၊ ပုဒ်မ ၁၁(စ)၊ အခန်း(၇) ပုဒ်မ ၂၆၊ အခန်း(၈) ပုဒ်မ ၂၉(ဂ)၊ ပုဒ်မ ၂၉(ဈ)၊ အခန်း(၉) ပုဒ်မ ၃၀(ဂ)၊ ပုဒ်မ ၃၀(ဈ)၊ ပုဒ်မ ၃၀(ည)၊ အခန်း(၁၀) ပုဒ်မ ၃၁(ဂ)၊ ပုဒ်မ ၃၁(ဈ)၊ အခန်း(၁၁) ပုဒ်မ ၃၂(က)၊ အခန်း(၁၅) ပုဒ်မ ၄၆ နှင့် ပုဒ်မ ၅၀ တို့ကို ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ဆွေးနွေးမှုကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

အခန်း(၃)၊ ပုဒ်မ ၉(က)ကို ကောင်စီသက်တမ်း ကုန်ဆုံးသည့် ကောင်စီဖြစ်မြောက်ရေးကော်မတီသည် ကောင်စီသစ်ကို ဖွဲ့စည်းရမည်။ ကောင်စီသည် ကောင်စီသစ်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် လွှဲပြောင်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည် ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ မူလပြဋ္ဌာန်းချက်အရ ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီသစ်ဖွဲ့စည်းရမည် ဟု ဖော်ပြထားရာ ကောင်စီက ကောင်စီသစ်ကို ဖွဲ့စည်းရမည့် အဓိပ္ပာယ်သက်ရောက်နေသည်။ ကောင်စီအသစ်ကို ကောင်စီဖြစ်မြောက်ရေးကော်မတီကသာ ဖွဲ့စည်းပေးရမည်ဖြစ်၍ အဓိပ္ပာယ်ရှင်းလင်းလွယ်ကူစေရန်အတွက် ပြင်ဆင်ရခြင်း ဖြစ်ပါသည်။

အခန်း(၃) ပုဒ်မ ၁၁(စ)။ အကျင့်စာရိတ⍰တ ပျက်ပြားမှုဆိုင်ရာ ပြစ်မှု သို့မဟုတ် နိုင်ငံတော်လုံခြုံရေး ကို ထိခိုက်စေနိုင်သော၊ ပျက်ပြားစေနိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထောင်ဒဏ် အပြစ်ပေး ခြင်း ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ အကျင့်စာရိတ္တ ပျက်ပြားမှု အတွက် သက်ဆိုင်ရာ ဥပဒေအလိုက် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း ထောင်ဒဏ် အပြစ်ပေးခံရမည် ဖြစ်ပါတယ်။ အကျင့်စာရိတ္တ ပျက်ပြားမှုနှင့်ပတ်သက်၍ ကောင်စီက သတ်မှတ်ပေးရန် မလိုအပ်သည့် အတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

အခန်း(၇)၊ ပုဒ်မ ၂၆ ကို သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်။ သက်တမ်းကုန်ဆုံးပြီးနောက် သူနာပြုအတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့် ဖြစ်စေ၊ ဆက်လက်လုပ်ကိုင်လိုပါက ထိုသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၆၀)ထက်မစော၊ ရက်ပေါင်း(၃၀)ထက်နောက်မကျဘဲ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ကျိုးကြောင်း ဖော်ပြချက်အနေဖြင့် လိုင်စင်သက်တမ်းတိုးမှုစိစစ်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၆၀) ကြိုတင်၍ လျှောက်ထားရမည်ဆိုခြင်းမှာ အချိန်ယူလွန်းတယ်လို့ ထင်ပါတယ်။ ရက်ပေါင်း(၃၀) ဆိုလျှင် လုံလောက်မှုရှိတဲ့ အတွက်ကြောင့် ဝေးလံတဲ့

ဒေသ၊ သွားလာရေးခက်ခဲတဲ့ဒေသများမှာ တာဝန်ထမ်းဆောင်သူများအတွက် အနည်းဆုံး ရက်ပေါင်း (၆၀) ကြိုတင်၍ လျှောက်ထားရန် မလွယ်ကူတဲ့အတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

အခန်း(၈) ပုဒ်မ ၂၉(ဂ) ကို သူနာပြုလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၆၀)ထက်မစော၊ ရက်ပေါင်း (၃၀)ထက် နောက်မကျဘဲ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည် ဟု ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ မူလ ခုနက တင်ပြခဲ့တဲ့အတိုင်းပဲ ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၂၈(ဈ) သူနာပြုလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်အရလည်းကောင်း ထိုအမိန့်ကို အယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ပယ်ဖျက်ခြင်းခံရပါက ထိုသူနာပြုလိုင်စင်ကို အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည် ဟု ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်း ဖော်ပြချက်အနေနဲ့ ကောင်စီသို့ ဆိုတဲ့ စကားရပ်(၂)ကြိမ် ပါရှိနေတဲ့အတွက်ကြောင့်မို့လို့ ဝါကျပြေပြစ်စေရန်အတွက် ဖြစ်ပါတယ်။

အခန်း(၉) ပုဒ်မ ၃၀(ဂ)။ သားဖွားလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၆၀)ထက်မစော၊ ရက်ပေါင်း(၃၀)ထက် နောက်မကျဘဲ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည် ဟု ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်း ဖော်ပြချက်အနေနဲ့လည်း အခုနက အချိန်ရက်ပေါင်း(၆၀) ကြိုတင်လျှောက်ထားရန် မလွယ်ကူတဲ့ အတွက်ကြောင့် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

အခန်း(၉) ပုဒ်မ ၃၀(ဈ)။ သားဖွားလုပ်ငန်းကို သားဖွားအတတ်ပညာဖြင့် မှန်ကန်စွာ အသုံးချ၍ မိခင်နှင့် မွေးကင်းစကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာပြုစု စောင့်ရှောက်ရမည် ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ သားဖွား အတတ်ပညာကို သင်ကြားပေးရာမှာ ကိုယ်ဝန်ဆောင်မိခင်များကို ပြုစုစောင့်ရှောက်ခြင်း၊ ကလေးမွေးဖွား ခြင်းနှင့် ပညာရပ်များကိုပါ အဓိကသင်ကြားပေးခြင်းကြောင့် ကလေးများ၏ ကျန်းမာရေးကို စောင့်ရှောက် နိုင်သည့် အနေအထားမရှိပါ။ မွေးကင်းစကလေးများကိုသာ အထိုက်အလျောက် စောင့်ရှောက်နိုင်သည့် အတွက်၊ ပြုစုစောင့်ရှောက်နိုင်ခြင်းအတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

အခန်း(၉) ပုဒ်မ ၃၀(ည)။ သားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်အရသော်လည်းကောင်း၊ ထိုအမိန့်ကို အယူခံပါက ကျန်းမာရေးဝန်ကြီးဌာနရဲ့ဆုံးဖြတ်ချက်အရ လည်းကောင်း ပယ်ဖျက်ခြင်းခံရလျှင် ထိုသားဖွားလိုင်စင်ကို အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည် ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ကောင်စီသို့ ဆိုတဲ့ စကားရပ်(၂)ကြိမ် ပါရှိနေ၍ ဝါကျ ပြေပြစ်စေရန် ဖြစ်ပါတယ်။

အခန်း(၁၀) ပုဒ်မ ၃၁(ဂ)။ သူနာပြုလိုင်စင် သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လို လျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၆၀)ထက်မစော၊ ရက်ပေါင်း(၃၀)ထက် နောက်မကျဘဲ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင် လိုတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ တင်ပြခဲ့ပြီးတဲ့အတိုင်း ရက်ပေါင်း(၆၀) ကြိုတင်လျှောက်ထားရန် မလွယ်ကူတဲ့အတွက်ကြောင့် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

အခန်း(၁၀)ပုဒ်မ ၃၁(ဈ)။ သူနာပြုသားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေး အမိန့်တစ်ရပ်ရပ်အရ သော်လည်းကောင်း၊ ထိုအမိန့်ကို အယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရ သော်လည်းကောင်း ပယ်ဖျက်ခြင်းခံရပါက ထို သူနာပြုသားဖွားလိုင်စင်ကို အဆိုပါ အမိန့်သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည် ဟု ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်မှာလည်း ကောင်စီသို့ဆိုသည့် စကားရပ် (၂)ကြိမ် ပါရှိနေ၍ ဝါကျပြေပြစ်စေရန် ဖြစ်ပါတယ်။

အခန်း(၁၁) ပုဒ်မ ၃၂(က)။ သူနာပြုကန့်သတ်လိုင်စင် ရရှိသူသည် ဤဥပဒေအခန်း(၈)ပါ သူနာပြုလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း၊ သားဖွားကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေအခန်း(၉)ပါ သားဖွားလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ခွင့်များကို လည်းကောင်း လိုက်နာရန် ဆောင်ရွက်ရမည် ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ကျိုးကြောင်း ဖော်ပြချက်အနေနဲ့ ကန့်သတ်လိုင်စင် ရရှိသူသည် သတ်မှတ်ထားသော ဆောင်ရွက်နိုင်ခွင့်များကို တာဝန်နှင့် ဆောင်ရွက်ဖို့ လိုက်နာနိုင်ရန် လိုအပ်ပါတယ်။ ဆီလျော် ဆိုတဲ့ စကားရပ်ကို ထည့်သွင်းလိုက်ပါက လိုက်နာလိုသော အချက်များကိုသာ လိုက်နာပြီး မလိုက်နာလိုပါက မဆီလျော် ဟု ဆိုကာ ငြင်းပယ်ခွင့် ရရှိသွားမှာ ဖြစ်ပါတယ်။ ဆီလျော်မည့် အချက်များကိုလည်း သီးသန့်သတ်မှတ်ရမည် သကဲ့သို့ ဖြစ်နေပါတယ်။ ဥပဒေတစ်ခုတည်းမှာပင် အဆင့်နှစ်မျိုး ခွဲခြားထားသည့် သဘောသက်ရောက်နေ၍ အငြင်းပွားဖွယ်ဖြစ်လာနိုင်သောကြောင့် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

အခန်း(၁၅)ပုဒ်မ ၄၆။ မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း(၅၀)မှ အများဆုံးကျပ်သိန်း(၁၀၀)အထိကို ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးသောလိုင်စင်နှင့် ကောင်စီကထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်မရှိဘဲ ပုဂ္ဂလိက သူနာပြုသားဖွား အတတ်သင်ကျောင်း ဖွင့်လှစ်တဲ့အတွက်ကြောင့် ပေးသော ပြစ်ဒဏ်သည် ပြင်းထန်လွန်းသည်ဟု ယူဆပါတယ်။ လိုင်စင်ရှိပြီး အသိအမှတ်ပြုလက်မှတ် မရှိမှု၊ လိုင်စင်မရှိဘဲ အသိအမှတ်ပြုလက်မှတ်ရှိမှု စသည်ဖြင့် ပြစ်မှုအနည်းအများပေါ် မူတည်၍ ငွေဒဏ်သော်လည်းကောင်း၊ ထောင်ဒဏ်သော်လည်းကောင်း ဒဏ်နှစ်ရပ်စလုံးကို သော်လည်းကောင်း ချင့်ချိန်ချမှတ်သင့်ပါတယ်။ ထောင်ဒဏ်ကို မဖြစ်မနေချမှတ်မှုမျိုး မပြုလုပ်သင့် ဟု ယူဆတဲ့အတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

အခန်း(၁၅)၊ ပုဒ်မ ၅၀ ကို မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားအနည်းဆုံး(၆)လမှ အများဆုံး(၃)နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်(၁၀)သိန်းမှ အများဆုံးကျပ်သိန်း(၃၀)အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ပြစ်ဒဏ်က ပြင်းထန်လွန်းပါတယ်။ နိုင်ငံသားတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄(က)ပါ မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်များကိုလည်း ရရှိခံစားနိုင်ခွင့် ခွင့်ပြုပေးရမှာ ဖြစ်သကဲ့သို့ ပုဒ်မ ၄၅ ပါ တားမြစ်ချက်

တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါကလည်း ပြစ်ဒဏ်ချမှတ်ရန် လိုအပ်သည့်အတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ကျွန်တော်၏ ပြင်ဆင်ချက်၊ ပြင်ဆင်ရခြင်း အကြောင်းများကို ကျိုးကြောင်းဖော်ပြချက်များကို ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ⊞ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအောင်သက်မြင့် ရဲ့ ဆွေးနွေး ချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုဝင်ဘာလ ၁၁ ရက်နေ့ အမျိုးသားလွှတ်တော်မှာ လွှတ်တော်အခွင့်အရေးကော်မတီက မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား များနှင့်ပတ်သက်တဲ့ အစီရင်ခံစာ တင်သွင်းခဲ့ပြီးတဲ့နောက် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ အမျိုးသားလွှတ်တော် ရဲ့ အထက်လွှတ်တော်ကို ဥက္ကဋ္ဌထံကို စာရေးသားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၎င်းစာကို နိုဝင်ဘာလ ၂၀ ရက်နေ့က ရေးသားပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်က မှတ်တမ်းတင်နိုင်ရန် ဖတ်ကြားပါမယ်။ ဒီစာကို အင်္ဂလိပ်လို ရေးထားတဲ့အတွက် အင်္ဂလိပ်ဘာသာနဲ့ပဲ ဖတ်ကြားခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

Confidential

The Republic of the Union of Myanmar

Amyotha Hluttaw

Nay Pyi Taw

20th, November, 2014

To.

The Speaker

The Dewan Negara (Senate)

Malaysia

Subject: Protection of Myanmar Citizens in Malaysia

**1.** The Republic of the Union of Myanmar has been dealing with the neighbouring countries cordially in accord with the Five Principles of Peaceful Coexistence, cooperating with the regional countries based on such Five Principles, bilateral friendship and mutual respect. The Republic of the Union of Myanmar has

joined with ASEAN in 1997 as a member and has been coorperating with the ASEAN member States actively. The Republic of the Union of Myanmar and Malaysia have relations and reciprocal visits since 1958. Malaysia is a close friend State which supported and provided helps to Myanmar in joining with ASEAN, democratization, and assuming duties of the office of alternate chairmanship of ASEAN.

**2.** An event of gun shooting by two cyclists who drove in abreast occurred at about 23:20 hour, Malaysia Standard Time while the Amyotha Hluttaw representative Dr. Aye Maung, Chariman of the Rakhine Democracy League and party touring in a car in Kuala Lumpur, Malaysia on 5th February, 2014, at the invitation of the Rakhine Social Rescue Organization, Malaysia. Concerning with such event, at the complaint of U Zaw Aye Maung, Minister for Rakhine Ethnic Nationality Affairs of the Yangon Region Government, it has been investigating the offence under F.I.R No. 32/2014 (Attempt to murder, mischief, abetment). Concerning the case, (5) eye witnesses have been examined, and based on the facts obtained, it has been communicating, cooperating and investigating with INTERPOL, Secretariat of the ASEAN Police Force and Malaysia Police Force. The Myanmar Police Force sent a letter number, I-24/7, to INTERPOL, Malaysia on 21st February, 2014 to enable to explore and arrest the offenders. As it was found, on internet pages on 3rd March, 2014, that a Myanmar citizen was arrested by the Malaysia Police Force relating to such matter, it was asked again with the letter number, I-24/7, but not replied by the INTERPOL, Malaysia, as such, asked again to the Secretariat of the ASEAN Police Force via email on 19th March, 2014. INTERPOL, Malaysia replied on 20th March that such matter was under investigation and the findings would be replied soon. It was found that communication had been made to INTERPOl, Malaysia again on 17th July, 2014.

3. Therefore, it is intimated to inform you on the event.

Sincerely yours,

H.E. Khin Aung Myint

Speaker

Amyotha Hluttaw

The Republic of the Union of Myanmar

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌရဲ့ အဆိုပါစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ပါတယ်။ (ကြားဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၆) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၁၁း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]